## ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ကို မြှင့်တင်မည့် ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုပြပွဲကို ငွေဆောင်ကမ်းခြေတွင် ကျင်းပပြုလုပ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်း၍ Japan External Trade Organization (JETRO) နှင့် Myanmar Survey Research Co., Ltd. တို့၏ ပံ့ပိုးကူညီမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ ၌ ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်ကမ်းခြေရှိ ယမုံနာဦးဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ပြည်နယ်များနှင့် တိုင်းဒေသကြီး များမှ ဝန်ကြီးချုပ်များ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ JICA နှင့် JETRO တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ စီးပွားရေး လုပ်ငန်းရှင်များ၊ သတင်းမီဒီယာများစုစုပေါင်း (၆၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

အစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲဖွင့်ပွဲအခမ်းအနားကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် တို့မှ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ပြပွဲတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကို ကျင်းပခဲ့ရာအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် မှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ Chief Representative ဖြစ်သူ Mr.

Masayuki Karasawa နှင့် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်တို့မှ အဖွင့်အမှာစကား အသီးသီး ပြောကြား ကာ ဆွေးနွေးပွဲကိုဆက်လက်ကျင်းပခဲ့ပါသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပတ်သက် ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရှင်းလင်း တင်ပြ ခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ ထောက်ပံ့ ပို့ဆောင်ရေး ကဏ္ဍ စသည့်ကဏ္ဍများအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် တိုးတက်မှုများကို ဌာန ဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဧရာဝတီတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း စစ်တမ်းအစီရင်ခံစာကိုလည်း တင်ပြခဲ့ပါသည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၏ အားသာချက်များ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

နေ့လည်ပိုင်းတွင် လုပ်ငန်းရှင်တွေ့ဆုံပွဲကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီး စိုက်ပျိုးရေး လုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်း ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ အခြားဝန်ဆောင်မှု လုပ်ငန်းများ စသည့် လုပ်ငန်း များမှ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များမှ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ ပါဝင်တက်ရောက်သူများသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးရှိ အိမ်ရာစီမံကိန်းများ၊ ပုစွန် မွေးမြူရေးလုပ်ငန်း၊ ပုသိမ်စက်မှုဇုန်နှင့် ပုသိမ်စက်မှုမြို့တော်တို့သို့ သွားရောက် လေ့လာ ကြမည် ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ရင်းနှီးမြှုပ်နှံသူများအား တိုင်း ဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ပိုမို နားလည်စေမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်မည့် အထောက်အပံ့တစ်ခု ဖြစ်စေမည် ဖြစ်ပါသည်။